ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

# COVID-19 ရိုက်ခတ်မှုကြောင့် CMP လုပ်ငန်းများအပေါ် သက်ရောက်မှုများအားလေ့လာခြင်း


## အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထည်ချုပ်ကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ Covid – 19 ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ အထည်ချုပ်လုပ်ငန်းများ လည်ပတ်မှု များစွာနှောင့်နှေးစေပါသည်။ Covid –19 ဖြစ်ပွားစဉ်အတွင်း CMP လုပ်ငန်းများ၌ ကုန်ကြမ်းပစ္စည်းများပြတ်လပ်ခြင်း၊ အပ်ထည်အမှာများ လျော့ကျလာခြင်း၊ ထုတ်လုပ်နိုင်သော်လည်း တင်ပို့ရန်ခက်ခဲမှုများ ကြုံတွေ့နေရခြင်း၊ လုပ်ငန်းခွင်အတွင်း ရောဂါကူးစက်နိုင်ခြင်း စသည့်အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ အဆိုပါအခက်အခဲများကြောင့် စက်ရုံများတွင် အလုပ်ချိန်များလျှော့ချခြင်း၊ အလုပ်သမားများ လျှော့ချခြင်း၊ စက်ရုံများယာယီပိတ်သိမ်းခြင်းနှင့် အပြီးပိတ်သိမ်းခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ ၎င်းတို့ကို ပြန်လည်ကုစားပေးနိုင်ရေးအတွက် စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ချေးငွေကာလ တစ်နှစ်သတ်မှတ်ပြီး ထုတ်ချေးပေးလျက်ရှိပါသည်။ ထို့ပြင် CMP လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်ပေးဆောင်ရမည့်လကို ရွှေ့ဆိုင်းပေးခြင်း၊ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့နှင့် စပ်လျဉ်းသည့် ကုစားမှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤစာတမ်းတိုတွင် ကမ္ဘာတစ်ဝန်း Covid –19 ဖြစ်ပွားစဉ်အတွင်း CMP လုပ်ငန်းများ၏ လက်ရှိအခြေအနေနှင့် ထိခိုက်မှုအခြေအနေများ၊ အလုပ်သမားများ၏တောင်းဆိုမှုများ၊ အစိုးရ၏ ဆောင်ရွက်ပေးနေမှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆောင်ရွက်ပုံများကို ရေးသားပြုစုတင်ပြထားပါသည်။


သုတေသနစာတမ်းတို အမှတ်စဉ် – (၁၃၀)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | လက်ခစားစနစ် (CMP) | ၃ |
| ၃။ | ရည်ရွယ်ချက် | ၃ |
| ၄။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ | ၄ |
| ၅။ | CMP လုပ်ငန်းများ၏ လက်တလောအခြေအနေ | ၄ |
| ၆။ | Covid –19 ဖြစ်ပွားစဉ်အတွင်း CMP လုပ်ငန်းများအပေါ်ထိခိုက်မှုအခြေအနေ | ၅ |
| ၇။ | အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၏ ဆောင်ရွက်စေလိုသည့် အချက်များ | ၆ |
| ၈။ | COVID –19 ကာလအတွင်း အစိုးရ၏ဆောင်ရွက်ချက်များ | ၇ |
| ၉။ | EU အဖွဲ့အစည်း၏ ထောက်ပံ့မှု | ၉ |
| ၁၀။ | ပညာရှင်များ၏အမြင်များ | ၁၀ |
| ၁၁။ | နိုင်ငံအချို့ရှိ အထည်အလိပ်လုပ်ငန်းများ၏အခြေအနေ | ၁၁ |
| | (က) ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၁၁ |
| | (ခ ) ဗီယက်နမ်နိုင်ငံ | ၁၂ |
| ၁၂။ | နိဂုံး | ၁၄ |

## နိဒါန်း

၁။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် (Covid–19) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို ထိခိုက်လျက်ရှိပါသည်။ တရုတ်နိုင်ငံတွင် (Covid–19) ရိုက်ခတ်မှုကြောင့် ကုန်ကြမ်းထုတ်လုပ်သည့်စက်ရုံအချို့နှင့် နိုင်ငံတကာနှင့် ကုန်သွယ်သည့်လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ အထည်ချုပ်ကုန်ကြမ်း ၉၀ ရာခိုင်နှုန်းခန့် တင်သွင်းပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံတို့မှလည်း တင်သွင်းလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအများစုသည် တရုတ်ပြည်မှတင်သွင်းသည့် ကုန်ကြမ်းများကိုသာ အဓိကအားကိုးနေရပါသည်။ (Covid–19) ဖြစ်ပွားစဉ်အတွင်း ကုန်သွယ်ရေးနယ်စပ်ဂိတ်များမှ ကုန်ကြမ်းဝင်ရောက်မှုမရှိသဖြင့် CMP လုပ်ငန်းများအတွက် ကုန်ကြမ်းပြတ်လပ်မှုများ၊ အပ်ထည်အမှာစာများလျော့နည်းလာခြင်းနှင့် ရင်ဆိုင်လျက်ရှိပါသည်။

## လက်ခစားစနစ် (CMP)

၂။ လက်ခစားစနစ် (Cutting, Making, Packing –CMP) လုပ်ငန်းသည် နိုင်ငံခြားမှတစ်ဆင့် အော်ဒါလက်ခံ၍ ထွက်ရှိသည့်ထုတ်ကုန်များအပေါ် ကော်မရှင်သတ်မှတ်နှုန်းဖြင့် အကျိုးခံစားရရှိစေသည့် လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ (က) ကမ္ဘာတစ်ဝန်း Covid–19 ကာလအတွင်း CMP လုပ်ငန်းများအပေါ် ထိခိုက်မှုအခြေအနေများကို သိရှိနိုင်စေရန်၊

(ခ) အလုပ်သမားများ၏ တောင်းဆိုမှုများနှင့် အစိုးရ၏ဆောင်ရွက်ပေးနေမှုများကို သိရှိနိုင်စေရန်၊

(ဂ) CMP လုပ်ငန်းများ၏ လက်ရှိအခြေအနေကိုသိရှိနိုင်စေရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊

(ဃ) ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ CMP လုပ်ငန်းအခြေအနေများကို သိရှိနိုင်စေရန်။

**အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ**

၄။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရနှင့်နိုင်ငံတကာ website များမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ဂျာနယ်များ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အလုပ်သမားပြဿနာ ဖြေရှင်းညှိနှိုင်းရေးအဖွဲ့များ၏ ဆောက်ရွက်ချက်များမှ သတင်းအချက်အလက်များ ရယူထားပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံများမှ ဖြေရှင်းဆောင်ရွက်မှုနမူနာများအား နှိုင်းယှဉ်တင်ပြထားပါသည်။

**CMP လုပ်ငန်းများ၏ လက်တလောအခြေအနေ**

၅။ (က) ကမ္ဘာ့တစ်ဝန်း (Covid-19) ဖြစ်ပွားနေစဉ်တွင် ရောဂါကာကွယ်ထိန်းချုပ်ရန်အတွက် EU အစိုးရမှ ကုန်သွယ်ရေးနယ်စပ်ဂိတ်များ ယာယီပိတ်သိမ်းခြင်းကြောင့် မြန်မာ အထည်ချုပ်စက်ရုံများသို့ အပ်ထည်အမှာစာများ လျော့နည်းလာခြင်း၊

(ခ) တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးနယ်စပ်ဂိတ်များ ယာယီပိတ်သိမ်းခြင်းကြောင့် ကုန်ကြမ်းပြတ်လပ်ခြင်း၊

(ဂ) အပ်ထည်အမှာစာများမရှိသည့်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများတင်ပို့ရန် အခက်အခဲများရှိလာခြင်း၊[1]

(ဃ) ယင်းအခြေအနေနှင့် အခက်အခဲများကြောင့် စက်ရုံများသည် အလုပ်ချိန်များ လျှော့ချခြင်း၊ အလုပ်သမားများလျှော့ချခြင်း၊ စက်ရုံများယာယီပိတ်သိမ်းခြင်းနှင့် အပြီးပိတ်သိမ်းခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။[2]


[1] ကိုရိုနာဗိုင်းရပ်ကြောင့် အထည်ချုပ်စက်ရုံများ အပ်ထည်အမှာကျဆင်း၊ https://burma.irrawaddy.com/news/2020/03/12/217762.html မှ ရရှိပါသည်။

[2] ကုန်ကြမ်းပြတ်လပ်မှုကြာရှည်ပါက အထည်ချုပ်စက်ရုံများ ပိတ်သိမ်းသည့်အထိရှိလာနိုင်၊ https://burma.irrawaddy.com/business/2020/02/18/215837.html မှ ရရှိပါသည်။

## Covid -19 ဖြစ်ပွားစဉ်အတွင်း CMP လုပ်ငန်းများအပေါ် ထိခိုက်မှုအခြေအနေ


၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံပေါင်း ၆၆၃၂ ရုံရှိပြီး အလုပ်သမားအင်အား စုစုပေါင်း ခြောက်သိန်းရှစ်သောင်းကျော် လုပ်ကိုင်လျက်ရှိပါသည်။ ၎င်းတို့အနက် လုပ်သား ၅ သိန်း ကျော်ဝင်ရောက်လုပ်ကိုင်နေသည့် CMP အထည်ချုပ်စက်ရုံ ၃၅၀ ကျော်သည် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍတွင် အရေးပါလျက်ရှိပါသည်။[3] ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်လုပ်ကာ ပြည်ပသို့ပြန်လည်တင်ပို့သည့် လုပ်ငန်းစနစ်ဖြင့် လည်ပတ်လျက်ရှိသော CMP အထည်ချုပ်လုပ်ငန်းများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄.၈၆ ဘီလီယံကျော် စံချိန်တင်ရရှိခဲ့ပြီး ပြည်ပပို့ကုန် နံပါတ် ၁ နေရာ၌ ရပ်တည်ခဲ့ပါသည်။ ယခုအခါတွင် CMP လုပ်ငန်းများ၏ ပို့ကုန်အခြေအနေမှာ အလွန်လျော့နည်းလာဖွယ် ရှိပါသည်။[4] ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်နေ့အထိ ပိတ်သိမ်းရပ်စဲလိုက်ရသည့် စက်ရုံများ၏အခြေအနေနှင့် ၎င်းစက်ရုံများ၏လုပ်သားအင်အားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်နားပိတ်သိမ်းလိုက်သော စက်ရုံအရေအတွက်**




[3] ဥရောပသမဂ္ဂ (အီးယူ)မှ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် ယူရိုငါးသန်း ပံ့ပိုးပေးသွားမည်၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှရရှိပါသည်။
[4] ကိုဗစ်ကယက်အတွင်းမှ စက်ရုံအလုပ်ရုံများ၊ ISP-MYANMAR-COVID-Special-Series-2-FINAL.pdf မှရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်နားပိတ်သိမ်းလိုက်ရသော စက်ရုံများရှိ လုပ်သားအင်အား




**Source:** ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

### အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၏ ဆောင်ရွက်စေလိုသည့်အချက်များ

၇။ COVID-19 ရောဂါဖြစ်ပွားနေခြင်းကြောင့် စက်ရုံအချို့ပိတ်သိမ်းပြီး အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့်အပေါ် အစိုးရကစနစ်တကျဆောင်ရွက်ပေးစေလို၍ (၈-၃-၂၀၂၀) ရက်နေ့တွင် မန္တလေးမြို့၌ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်က ဦးဆောင်ပြီး အလုပ်သမားများက ဆန္ဒထုတ်ဖော်၍ အောက်ပါအတိုင်း တောင်းဆိုခဲ့ပါသည်-

(က) လူနေမှုဘဝနှင့် ကိုက်ညီသော လုပ်ခလစာရရှိရေး၊

(ခ ) ကိုရိုနာဗိုင်းရပ်စ်ကြောင့် စက်ရုံများပိတ်သိမ်းနေခြင်းကို စနစ်တကျစိစစ်ပေးရေး၊

(ဂ ) အလုပ်သမားတရားရုံးအမြန်ဆုံးပေါ်ပေါက်ရေး၊

(ဃ) အနည်းဆုံးလုပ်ခလစာကို တစ်နှစ်လျှင်တစ်ကြိမ် ပြင်ဆင်သတ်မှတ်ပေးရေး၊

(င ) (International Labour Organizatation – ILO) ပြဋ္ဌာန်းချက် အမှတ် (၉၈)ကို အစိုးရမှ လက်မှတ်ထိုးပေးရေး၊

(စ ) ဘေးအန္တရာယ်ကင်းသော လုံခြုံစိတ်ချသည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးတို့ကို တောင်းဆိုခဲ့ကြခြင်းဖြစ်ပါသည်။[5]

**COVID –19 ကာလအတွင်း အစိုးရ၏ဆောင်ရွက်ချက်များ**

၈။ COVID –19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းကော်မတီကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာန (၇) ခုမှ ပြည်ထောင်စုဝန်ကြီးများက အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ–

(က) စက်ရုံများရပ်ဆိုင်း၍ လုပ်သားများအလုပ်လက်မဲ့ဖြစ်စဉ်ကာလအတွင်း အခြားအလုပ်အကိုင်သစ်များဖော်ဆောင်ပေးရန်၊

(ခ ) လုပ်သားများအတွက်အကျိုးရှိမည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာသင်ကြားပေးရန်၊

(ဂ ) ကုန်ကြမ်းပစ္စည်းများရရှိရေးကို တရုတ်နိုင်ငံတစ်ခုတည်းကိုသာ အမှီပြုနေရခြင်း အစားအခြားနိုင်ငံများမှ ကုန်ကြမ်းပစ္စည်းများဖြန့်ခွဲရယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပိုမိုပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးရန်၊

---

[5](COVID–19) ကြောင့် စက်ရုံများရပ်နားမှု အစိုးရစနစ်တကျစီမံပေးရန်တောင်းဆို၊ https://burma.irrawaddy.com/news/2020/03/12/217762.html မှရရှိပါသည်။

(စ ) သက်သာသည့်အတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးပေးနိုင်ရန် စသည့်တာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။[6]

၉။ ထို့ပြင် COVID –19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် CMP၊ ဟိုတယ် ခရီးသွားလာရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့် ကဏ္ဍအဖြစ်သတ်မှတ်ထားပြီး ယင်းလုပ်ငန်းများကို ၁ ရာခိုင်နှုန်းဖြင့် ချေးငွေကာလတစ်နှစ် သတ်မှတ်၍ အစိုးရကထုတ်ချေးရေးအတွက် (၁၈–၃–၂၀၂၀) ရက်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

ဆောင်ရွက်မည့်ကနဦးမတည်ငွေ = နိုင်ငံတော်ရန်ပုံငွေ + လူမှုဖူလုံရေးရန်ပုံငွေ

(ကျပ် ၅၀ ဘီလီယံ) (ကျပ် ၅၀ ဘီလီယံ)

စုစုပေါင်း = ကျပ် ၁၀၀ ဘီလီယံ (မြန်မာ့စီးပွားရေးဘဏ်တွင်မတည်)

အတိုးနှုန်း = ၁ ရာခိုင်နှုန်း

ချေးငွေကာလ = ၁ နှစ်

၁၀။ အဆိုပါရန်ပုံငွေဖြင့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများကို စီးပွားရေးထိခိုက်မှုပေါ် မူတည်၍ အတိုးနှုန်းနှင့် ချေးငွေကာလကို လိုအပ်သလိုပြင်ဆင်သွားမည်ဖြစ်ပါသည်။ ယင်းကာလ သတ်မှတ်ချက်များအရ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း CMP လုပ်ငန်းများ၏ သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို အောက်ပါ အတိုင်း သတ်မှတ်ပေးထားပါသည်–

(က) **ဝင်ငွေခွန်အတွက် သတ်မှတ်ချက်များ**

- ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယသုံးလပတ်အတွက်လည်းကောင်း၊
- ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်ကုန်ဆုံးမည့် တတိယသုံးလပတ်အတွက် လည်းကောင်း၊

[6] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၂၀ (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်) နေ့မှ ရရှိပါသည်။

- သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင်ခြင်း၊

(ခ) **ကုန်သွယ်လုပ်ငန်းခွန်အတွက် သတ်မှတ်ချက်များ**

- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်မှစတင်၍ကာလ ရွှေ့ဆိုင်းပေးခြင်း၊
- ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်အထိ ရွှေ့ဆိုင်းပေးခြင်း၊
- လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင်ရန် ကာလရွှေ့ဆိုင်းပေးခြင်း၊

၁၁။ ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိပါသည်။[7]

**EU အဖွဲ့အစည်း၏ ထောက်ပံ့မှု**

၁၂။ အလုပ်အကိုင်အခွင့်အလန်းများအတွက် EU မှ ကူညီထောက်ပံ့မှု မြန်ကူ(Myan Ku) ယူရို ၅ သန်း (မြန်မာငွေ ကျပ် ၈ ဘီလီယံဝန်းကျင်) ရရှိပါသည်။ အဆိုပါထောက်ပံ့ငွေများကို အောက်ဖော်ပြပါလုပ်သားများရရှိမည်ဖြစ်ပါသည်-

(က) အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် သို့မဟုတ် ၎င်းတို့နေထိုင်ရာ နေရာမှနှင်ထုတ်ခံခဲ့ရသည့် လုပ်သားများ၊

(ခ) တရားမဝင်ရပ်စဲ ရုတ်သိမ်းခံရသည့်လုပ်သားများ အကျိုးအကြောင်း ဆီလျော်မှု မရှိသည့် ညွှန်ကြားချက်များကို ကြုံတွေ့ခံစားခဲ့ရသည့် လုပ်သားများ၊

[7](COVID-19) ကြောင့် စီးပွားရေးထိုခိုက်မှုအများဆုံးခံစားရသည့် CMP၊ ဟိုတယ်နှင့် ခရီးသွားလာရေးနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့်ကဏ္ဍအဖြစ်သတ်မှတ်ထားပြီး ယင်းလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ချေးငွေ တစ်နှစ် သတ်မှတ်၍အစိုးရထုတ်ချေးမည်၊ https://news-eleven.com/article/164966 မှ ရရှိပါသည်။

(ဂ) အလုပ်သမားသမဂ္ဂများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် စိစစ်ရွေးချယ်ပေး၍ လုပ်သားများထံသို့ (Wave Money) ဝန်ဆောင်မှုမှတစ်ဆင့် ပံ့ပိုးပေးလျက်ရှိပါသည်။[8]

**ပညာရှင်များ၏အမြင်များ**

၁၃။ COVID-19 ဖြစ်ပွားစဉ်အတွင်း CMP လုပ်ငန်းများပိတ်သိမ်းမှုအပေါ် ပညာရှင်များ၏ အမြင်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စက်ရုံပိတ်သိမ်းပါက အလုပ်သမားများအတွက် တည်ဆဲဥပဒေပါခံစားခွင့်များရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်၊

(ခ) အလုပ်ရှင်ဘက်မှလည်း ကုန်ကြမ်းပြတ်လပ်ခြင်းမဟုတ်ဘဲ COVID-19ကို အကြောင်းပြကာ အလုပ်သမားများတောင်းဆိုမှုအပေါ် အရေးယူခြင်းများကို ရှောင်လွှဲလို၍ ပိတ်ချင်သည်များလည်း ရှိလာနိုင်သည်၊

(ဂ) စက်ရုံ၊ အလုပ်ရုံများ အကြောင်းတစ်ခုခုကြောင့် ပိတ်သိမ်းမည်ဆိုပါက ၁၄ ရက်ကြိုတင်၍ မြို့နယ်အလုပ်သမား ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့များသို့ အကြောင်းကြားရမည်ဖြစ်သည်၊

(ဃ) အလုပ်သမားဥပဒေပါအတိုင်း အကြောင်းကြားခြင်းမရှိဘဲ ပိတ်သိမ်းသည့် စက်ရုံပိုင်ရှင်များကို ပုဒ်မ ၅၁ အရ ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ် ၂ ရပ်လုံးချမှတ်ရမည်ဖြစ်သည်၊

(င) ဥပဒေနှင့်အညီ စက်ရုံများကိုပိတ်သိမ်းခွင့်ရှိသော်လည်း အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများမှ ဥပဒေအတိုင်းပိတ်သိမ်းခြင်း မှန်ကန်မှု ရှိ/မရှိကိုလည်း စိစစ်သင့်သည်။[9]

---

[8] ဥရောပသမဂ္ဂ(အီးယူ)မှ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် ယူရိုငါးသန်း ပံ့ပိုးပေးသွားမည်၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၄ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀ ရက်၊ ဧပြီလ ၂၀၂၀)

[9] ကုန်ကြမ်းပြတ်၍ စက်ရုံများပိတ်သည်ဆိုခြင်းကို စိစစ်ရန် အလုပ်သမားအဖွဲ့ရှိ အလုပ်သမားအရေးဆောင်ရွက်သူ ရှေ့နေဦးဌေး၏ ပြောကြားချက်မှ ကောက်နုတ်ထားပါသည်။

(စ ) ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် မြန်မာ့စီးပွားရေးကို များစွာထိခိုက်စေသည်၊

(ဆ) မြန်မာနိုင်ငံတွင် စက်ရုံများရပ်ဆိုင်းနေရခြင်းနှင့် တရုတ်နှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းအများအပြား ရွှေ့ဆိုင်းနေရခြင်းတို့ ကြုံတွေ့နေရသည်၊

(ဇ ) မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် များစွာမှီခိုနေမည့်အစား အခြားဈေးကွက်တစ်ခုရှာဖွေသင့်သည်။[10]

**နိုင်ငံအချို့ရှိ အထည်အလိပ်လုပ်ငန်းများ၏အခြေအနေ**

၁၄။ နိုင်ငံအချို့၏ COVID –19 ကာလအတွင်း CMP လုပ်ငန်းအခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်–

(က) **ဘင်္ဂလားဒေ့ရှ်နိုင်ငံ။** ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်အလိပ်စက်ရုံများ၏ မောင်းနှင်အားသည် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆယ်စုနှစ်နီးပါးကြာ အထောက်အပံ့ပြုလျက်ရှိပါသည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယမြောက် အထည်အလိပ်တင်ပို့မှု အများဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဦးဆောင်လျက်ရှိပါသည်။[11]

ကမ္ဘာတစ်ဝန်း COVID–19 ဖြစ်စဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံပေါ် တိုက်ရိုက်ကျရောက်လာသည့် ကပ်ရောဂါကိုထိန်းချုပ်နိုင်ရန်အတွက် အစိုးရသည် ကုန်သွယ်ရေးလုပ်ငန်းများအားလုံးကို ပိတ်ရန်အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်ဈေးကွက်သည် တုန်လှုပ်ဖွယ်ကောင်းအောင် ကျဆင်းသွားခဲ့ပါသည်။[12] ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထည်အလိပ်စက်ရုံများတွင် အော်ဒါမှာယူခြင်းများကို ပယ်ဖျက်ခြင်းနှင့် အော်ဒါရွှေ့ဆိုင်းခြင်းများကို ပြုလုပ်ခဲ့ရ

[10] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေး၏ ပြောကြားချက်မှ ကောက်နုတ်ထားပါသည်။

[11] Bangladesh’s Garment Workers, https://times.com/581246/bangladesh-garment-manufacturing-coronavirus-losses/ မှ ရရှိပါသည်။

[12] Bangladesh’s Garment Makers Say $3 Billion in Orders Lost Due to Coronavirus, https://times.com/581246/bangladesh-garment-manufacturing-coronavirus-losses/ မှ ရရှိပါသည်။

ပါသည်။ (The Bangladesh Garment Manufacturers and Exporters Association – BGMEA)အရ ၂၀၁၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထည်အလိပ်တင်ပို့မှုနှုန်းသည် ဒေါ်လာ၂.၇ ဘီလီယံမှ ဒေါ်လာ ၃.၁ ဘီလီယံအထိ တင်ပို့နိုင်ခဲ့ပါသည်။ လက်ရှိတွင် အထည်အလိပ်တင်ပို့မှုနှုန်း ဒေါ်လာ ၃ ဘီလီယံခန့် ပယ်ဖျက်ခြင်းပြုလုပ်ရပါသည်။ ထို့ပြင်အထည်အလိပ်စက်ရုံ စုစုပေါင်း ၂၀ ကို အော်ဒါမှာယူမှုများ အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရပါသည်။[13]

(ခ ) **ဗီယက်နမ်နိုင်ငံ။** ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်လုပ်ငန်း (Vietnamese garment and textile – VGT)များကို နိုင်ငံပေါင်း ၁၈၀ သို့ တင်ပို့လျှက်ရှိပါသည်။ အထည်ချုပ်လုပ်ငန်းသည် ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အဓိကပို့ကုန်၏ ၈၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ယူကေနှင့် ဂျာမနီတို့ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အဓိကအားဖြင့် တရုတ်၊ ကိုရီးယား၊ အမေရိကန်၊ ဂျပန်နှင့် အခြားအာရှနိုင်ငံများမှ အထည်အလိပ် တင်သွင်းပါသည်။[14]

ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်နှင့် အထည်အလိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို တရုတ်နိုင်ငံမှ ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိ မှီခိုအားထားလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် COVID-19 ဖြစ်ပွားစဉ်အတွင်း ကုန်ကြမ်းပစ္စည်း တင်သွင်းမှုကိုဖြတ်တောက်ခဲ့ရာ ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်လုပ်ငန်းများအပေါ် ထိခိုက်စေပါသည်။[15] ၂၀၂၀ ပြည့်နှစ်ကုန်ထိ စီးပွားရေးလုပ်ငန်းများစွာဆုံးရှုံးခဲ့ပါက သက်ရောက်မှုအနေ

[13] Coronavirus thteatens the livelihoods of garment workers around the world,https://qz.com/1821511/coronavirus-threatens-jobs-of-garment-workers-in-southeast-asia/ မှ ရရှိပါသည်။

[14] https://medium.com/@stitchdiary/how-big-is-the-vietnamese-garment-industry-ca59af12941c မှရရှိပါသည်။

[15] Shiftig from lack of supply to lack of demand,https://www.fairwear.org/covid-19-dossier/covid-19-guidance-for-production-countries/covid-19-impact-and-responses-vietnam/ မှ ရရှိပါသည်။

ဖြင့် အောက်ခြေအလုပ်သမား ၃၀ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းအထိ အလုပ်လက်မဲ့များဖြစ်ပေါ်လာနိုင်ပါသည်။ အကြမ်းဖျင်းခန့်မှန်းချက်အရ ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍတွင် ဗီယက်နမ် ဒေါ်လာ ၅ ထရီလီယံဆုံးရှုံးလျှင် အောက်ခြေအလုပ်သမား ၃၀ ရာခိုင်နှုန်းခန့်မှ ၅၀ ရာခိုင်နှုန်းခန့်အထိ အလုပ်လက်မဲ့ဖြစ်လာနိုင်ပြီး အလုပ်လက်မဲ့နှုန်း မြင့်တက်လာနိုင်ပါကြောင်း ခန့်မှန်းထားပါသည်။ ထိုသို့သောအခြေအနေများ လစဉ်ဆက်လက်ရှိနေလျှင် ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်စက်မှုကဏ္ဍသည် လစဉ်ဒေါ်လာ ၃၀၀၀ ဘီလီယံခန့် ဆုံးရှုံးမည်ဖြစ်ပါသည်။[16]

ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍမှ အမေရိကန်နိုင်ငံသို့ စုစုပေါင်း ပို့ကုန် ၅၀ ရာခိုင်နှုန်းခန့်တင်ပို့နိုင်ပြီး အီးယူနိုင်ငံများသို့ စုစုပေါင်းပို့ကုန် ၁၂ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့ပါသည်။ သို့သော်လည်း COVID-19 ဖြစ်ပွားစဉ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အမေရိကန်အစိုးရနှင့် အီးယူအစိုးရမှနယ်စပ်ဂိတ်များကို ယာယီပိတ်သိမ်းခဲ့ကြပါသည်။ ထို့ပြင် အပ်ထည်အမှာစာများကို ယခင်က ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ မေလအထိ ရွှေ့ဆိုင်းခဲ့သော်လည်း လက်ရှိတွင် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ ဩဂုတ်လအထိ တိုင်အောင်ထပ်မံရွှေ့ဆိုင်းခဲ့ပါသည်။

ဗီယက်နမ်အစိုးရအနေဖြင့်လည်း အထည်အလိပ်လုပ်ငန်းများအပေါ် အခွန်ကင်းလွတ်ခွင့်၊ ဝင်ငွေခွန်ပေးဆောင်ရမည့်လကို ရွှေ့ဆိုင်းပေးခြင်း၊ မြေနေရာများကို အခမဲ့ အသုံးပြုခွင့်နှင့် အစိုးရမှ အမေရိကန်ဒေါ်လာ ၁.၁၆ ဘီလီယံကို အတိုးမဲ့ ထုတ်ချေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။[17]

---

[16]Underemployed labourers will be between 30% and 50% in April and May 2020, https://www.fairwear.org/covid-19-dossier/covid-19-guidance-for-production-countries/ covid-19-impact-and-responses-vietnam/ မှ ရရှိပါသည်။

[17] What are the government policies to support local businesses?,https://www.fairwear.org/covid-19-dossier/covid -19-guidance-for-production-countries/covid-19-impact-and-responses-vietnam/ မှ ရရှိပါသည်။

၁၅။ အထက်ပါနိုင်ငံ (၂) နိုင်ငံကို လေ့လာကြည့်ပါက အောက်ပါတို့ကို တွေ့ရှိရပါသည်–

(က) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ကြမ်းများကို မိမိနိုင်ငံအတွင်း၌သာ ထုတ်လုပ်နိုင်ခြင်း၊

(ခ ) CMP ပို့ကုန်တင်ပို့မှုနှုန်းကို COVID–19 ကာလအတွင်း အချက်အလက်တိကျစွာ ဖော်ပြပေးနိုင်ခြင်း၊

(ဂ ) COVID–19 ကာလအတွင်း အလုပ်လက်မဲ့ဖြစ်ပွားမှုရာခိုင်နှုန်းကို ဖော်ပြပေးနိုင်ခြင်း တို့တွေ့ရှိရပါသည်။

**နိဂုံး**

၁၆။ COVID –19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများ၏စီးပွားရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ မြန်မာနိုင်ငံတွင် ထိခိုက်မှုအများဆုံးကဏ္ဍများစွာရှိသည့်အနက် CMP ကဏ္ဍလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ COVID –19 ဖြစ်ပွားစဉ်အတွင်း တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် CMP လုပ်ငန်းကဏ္ဍကြီး မယိမ်းယိုင်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် COVID –19 ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် ဥပဒေများကိုချိုးဖောက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါ သည်။ ထို့ပြင် COVID –19 ကဲ့သို့ဖြစ်စဉ်များမှာ အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာနိုင်ရာ CMP လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းပစ္စည်းများရရှိရေးတွင် တရုတ်နိုင်ငံတစ်ခုတည်းကိုသာ အမှီပြုမည့်အစား မိမိတို့၏တိုင်းပြည်အတွင်း၌ပင် Supply Chain ပြုလုပ်နိုင်ရန် ကြိုးစားရမည် ဖြစ်သည်။ သို့ဖြစ်ပါ၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားပူးပေါင်းဆောင်ရွက်မှသာ CMP ကဏ္ဍ သည် ပြန်လည် ဦးမော့လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်ဝေဝေနှင်း (အကြီးတန်းစာရေး)မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်း အဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသန ဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၃၉၁၂၈၄၊ ၀၆၇ - ၃၉၁၂၈၅